EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ (၅)၊ အမှတ်-၁၀၉ ဇန်နဝါရီ ၁၉ ရက်၊ ၂၀၂၁


## တတိယအကြိမ်လွှတ်တော်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ

**ဒီဇင်ဘာ ၃၁ ၊ ၂၀၂၀**

တတိယအကြိမ်လွှတ်တော်အသီးသီးတွင် တာဝန်ထမ်းဆောင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တင်သွင်းလာသည့် တပ်မတော်သားကိုယ်စားလှယ်များ၏ အမည်စာရင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာချက်အမှတ် (၂၇၁/၂၀၂၀) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ယခင်လွှတ်တော်သက်တမ်းတွင် ပြည်ထောင်စုအဆင့်ဖြစ်သော ပြည်သူ့နှင့် အမျိုးသားလွှတ်တော်များတွင်သာ အမျိုးသမီးတပ်မတော်သားကိုယ်စားလှယ်အချို့ ပါဝင်လေ့ရှိသည်။ ယခုအခါ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်လွှတ်တော်များမှအပ ကျန်ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များတွင် အမျိုးသမီးတပ်မတော်သားကိုယ်စားလှယ်အချို့ ပါဝင်လာခဲ့သည်။

ထို့ပြင် တိုင်းနှင့်ပြည်နယ်လွှတ်တော်အများစုတွင် ဗိုလ်မှူးကြီးအဆင့်ရှိသူတစ်ဦးထက်ပို၍ ခန့်အပ်တာဝန်ပေးလာသည်ကို တွေ့ရသည်။ ယခင်က ဗိုလ်မှူးကြီးအဆင့်ရှိသူတစ်ဦးသာ ပါဝင်လေ့ရှိခဲ့ပြီး ၎င်းသည် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတာဝန်ပေးအပ်ခြင်းခံရသည့် လွှတ်တော်အစဉ်အဆက် သာဓကများရှိခဲ့သည်။ ယခုကဲ့သို့




အဆင့်မြင့်ရာထူးရှိ တပ်မတော်သားကိုယ်စားလှယ်များနှင့် အမျိုးသမီးကိုယ်စားလှယ်များ ပိုမိုခန့်ထားလာခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အသီးသီးတွင် တပ်မတော်ပါဝင်သည့် အခန်းကဏ္ဍနှင့် မည်သို့သောသက်ရောက်မှုများ ရှိလာနိုင်သနည်းဆိုသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

**ကိုးကား - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရန်ကုန်မြို့တော်စည်ပင်ဥပဒေ အသက်မဝင်ခဲ့ဟု တိုင်းလွှတ်တော်ကိုယ်စားလှယ်များပြော

**ဇန်နဝါရီ ၁၄၊ ၂၀၂၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ (၂၀၁၈) ကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နှင့် ဒုတိယအကြိမ်လွှတ်တော်မှာ ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့သည်။ သို့သော် ထိုဥပဒေမှာ အသက်မဝင်ခဲ့ဘူးဟု လွှတ်တော်ကိုယ်စားလှယ်ဦးလှငွေး (မင်္ဂလာတောင်ညွန့် မဲဆန္ဒနယ်-၁) က ပြောသည်။ စည်ပင်ဥပဒေကိုအကောင်အထည်ဖော်ရန် အဓိကတာဝန်ရှိသည့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးကို မြန်မာတိုင်းမ်တီဗွီက မေးမြန်းရာတွင် ဥပဒေပါ ပြစ်မှုပြစ်ဒဏ်များအတိုင်း စည်းကမ်းတင်းကြပ်စွာ ဆောင်ရွက်ခဲ့သလား မေးလာလျှင်၊ ထိုပုံစံအတိုင်းလုပ်မှ ဥပဒေအသက်ဝင်သည်ဟု အဓိပ္ပာယ်သက်ရောက်သည့် မေးခွန်းမျိုးဆိုလျှင် မဖြေချင်ဘူးဟုဆိုပါသည်။

စည်ပင်ဥပဒေကို အကောင်ထည်ဖော်မည့် မြို့တော်စည်ပင်သာယာရေးအဖွဲ့ဘက်က အားနည်းခဲ့သည်ဟု ကျောက်တံတားမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာကလည်း ထောက်ပြခဲ့သည်။ လက်ရှိ ဒုတိယသမ္မတဦးမြင့်ဆွေ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်လက်ထက်တွင် အတည်ပြုခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေတွင် အခန်း (၂၁) ခန်းရှိပြီး ပြစ်မှုပြစ်ဒဏ်အနေဖြင့် အမြင့်ဆုံး ထောင်ဒဏ် (၁) နှစ်နှင့် ငွေဒဏ်အများဆုံး ကျပ် (၅) သိန်းအထိ ချမှတ်ခဲ့သည်ကို တွေ့ရသည်။ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းလက်ထက်တွင် ပြဋ္ဌာန်းခဲ့သည့် ၂၀၁၈ စည်ပင်ဥပဒေအသစ်တွင် အခန်း (၃၁) ခန်းရှိပြီး ပြစ်မှုပြစ်ဒဏ်အနေဖြင့် အမြင့်ဆုံး ထောင်ဒဏ် (၁) နှစ်နှင့် ငွေဒဏ်အများဆုံး ကျပ်သိန်း (၅၀ )အထိ ချမှတ်ပြဋ္ဌာန်းထားသည်။

**ကိုးကား:-Myanmar Times TV (MTTV)**

# AA ကို အကြမ်းဖက်စာရင်းမှ ပယ်ဖျက်ပေးရေးအဆို ရခိုင်လွှတ်တော် အတည်ပြု

**ဇန်နဝါရီ ၁၄၊ ၂၀၂၁**

ရက္ခိုင့်တပ်တော် (AA) ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ်မှ ပယ်ဖျက်ပေးရန် ရခိုင်ပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ကန့်ကွက်သူမရှိဘဲ ပြည်နယ်လွှတ်တော်က ဇန်နဝါရီ ၁၄ ရက်နေ့က အတည်ပြုခဲ့သည်။

ဇန်နဝါရီ ၁၁ က ရခိုင်အမျိုးသားပါတီ (ANP) မှ မြောက်ဦးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန် တင်သွင်းခဲ့သည့် ယင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၇ ဦးက ထောက်ခံဆွေးနွေးခဲ့ပြီး ANP ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) အမတ်များအပြင် တပ်မတော်ကိုယ်စားလှယ်များကလည်း ကန့်ကွက်မှုမရှိခဲ့ပေ။

မြန်မာနိုင်ငံသည် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကို ဦးတည်လျှောက်လှမ်းနေသောနိုင်ငံဖြစ်သောကြောင့် ပြည်တွင်းစစ်ရပ်စဲရန်လိုအပ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများ အလျင်အမြန်ပေါ်ထွက်လာရန် အရေးကြီးသည်၊ ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် AA ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ်မှ ပယ်ဖျက်ပေးရန် အလွန်အရေးကြီးသည်ဟု မြေပုံမြို့နယ်ကိုယ်စားလှယ် ဦးအောင်ဝင်းက လွှတ်တော်တွင် ဆွေးနွေးခဲ့သည်။



ဓာတ်ပုံ - ရခိုင်ပြည်နယ်သတင်း Facebook Page

“ရခိုင်ပြည်နယ်မှာဖြစ်ပွားနေတဲ့ AA နဲ့ တပ်မတော်တို့ရဲ့ တိုက်ပွဲတွေဟာလည်း စားပွဲဝိုင်းမှာ ငြိမ်းချမ်းရေးဆွေးနွေးခြင်းမှအပ အခြားနည်းလမ်းမရှိနိုင်ပါ”ဟု ဦးအောင်ဝင်းက ပြောသည်။

လက်ရှိတွင် တပ်မတော်နှင့် AA သည် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် ရောက်ရှိနေသော်လည်းAAကိုအကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသောကြောင့် ငြိမ်းချမ်းရေးဆွေးနွေးသည့်အခါ အဟန့်အတားဖြစ်စေသဖြင့် ပယ်ဖျက်ရန်လိုအပ်သည်ဟု မင်းပြားမြို့နယ်ကိုယ်စားလှယ် ဦးလှသိန်းအောင်က ဆိုသည်။

“အနာဂတ်လှပဖို့၊ ပြည်သူတွေ အေးချမ်းစွာနေထိုင်နိုင်ဖို့၊ နိုင်ငံတိုးတက်လာဖို့ဆိုရင် တိုက်ပွဲတွေကို သေချာဆန်းစစ်ပြီး အပြန်အလှန်ဆွေးနွေးဖို့လိုတယ်။ ကျန်တဲ့ တိုင်းရင်းသားတွေနဲ့ အပြန်အလှန်ဆွေးနွေးဖို့ လိုအပ်သလို ရခိုင်ကိုယ်စားပြုဖွဲ့စည်းထားတဲ့ AA ကိုလည်း တရားဝင် ပြည်တွင်းထဲကို ခေါ်ပြီးတော့ ဆွေးနွေးဖို့ လိုအပ်တယ်”ဟု ၎င်းက ဆိုသည်။

AA သည် ရခိုင်ပြည်သူလူထုနှင့် ကြမ်မှာတူအဖွဲ့အစည်းတစ်ခုကဲ့သို့ဖြစ်နေပြီး ရခိုင်လူထု၏ ဆင်းရဲမွဲတေမှုအပါအဝင် နိုင်ငံရေး၊ ဖွံ့ဖြိုးရေး အထွေထွေမကျေနပ်မှုများကို ကိုယ်စားပြုသည့်အဖွဲ့ဖြစ်ရာ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်မှ ပယ်ဖျက်ခြင်းသည် ငြိမ်းချမ်းရေးအတွက် များစွာအကျိုးပြုလိမ့်မည်ဟု မောင်တောမြို့နယ်ကိုယ်စားလှယ် ဦးမောင်အုန်းက ဆွေးနွေးခဲ့သည်။

ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသန့်ကမူ AA သည် နောင်တွင် အကြမ်းမဖက်တော့ကြောင်း မည်သူက တာဝန်ယူ၊ တာဝန်ခံပေးနိုင်သနည်းဟု မေးခွန်းထုတ်သည်။

“အဆိုတင်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးက ဒီအဖွဲ့တွေ အကြမ်းမဖက်တော့ပါဘူး၊ အကြမ်းဖက်တဲ့လုပ်ရပ်တွေ မလုပ်တော့ပါဘူးလို့ တာဝန်ယူမှာလား။ ဘယ်သူက တာဝန်ယူ ဘယ်သူက တာဝန်ခံမှာလဲ။ ဒါတွေလည်း လိုတာပေါ့”ဟု ဗိုလ်မှူးကြီးမင်းသန့်က Myanmar Now ကို ပြောသည်။

အဆိုကို ပြည်နယ်လွှတ်တော်က အတည်ပြုလိုက်ပြီဖြစ်သောကြောင့် လွှတ်တော်ဥက္ကဋ္ဌသည် ဝန်ကြီးချုပ်ဦးညီပုမှတစ်ဆင့် သမ္မတထံ ဆက်လက်အစီရင်ခံရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် အပြင်းအထန် တိုက်ပွဲဖြစ်ပွားနေစဉ်ကာလတွင် တပ်မတော်စစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးစခန်းများကို တိုက်ခိုက်ခြင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ အစိုးရဝန်ထမ်းများကို ဖမ်းဆီးသည်ဟုဆိုကာ AA ကို အကြမ်းဖက်အုပ်စုနှင့် မတရားအသင်းအဖြစ် ၂၀၂၀ မတ်လ ၂၃ တွင် အစိုးရက ကြေညာခဲ့သည်။




ရက္ခိုင့်တပ်တော် (AA) တပ်ဖွဲ့ဝင်များကို ကချင်ပြည်နယ်၊ လိုင်ဇာမြို့တွင် ၂၀၁၇ ခုနှစ်အတွင်းက တွေ့မြင်ရစဉ်။ (ဓာတ်ပုံ - စိုင်းဇော်/ Myanmar Now)

**ကိုးကား- https://www.myanmar-now.org/mm/news/5469?**

# မွန်လွှတ်တော် ကတိကဝတ်များအား အစိုးရမှအကောင်အထည်ဖော်မှု တစ်ဝက်ပင်မရှိ

**ဇန်နဝါရီ ၁၂၊ ၂၀၂၁**

ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ အဆို (၄၈) ခုတင်သွင်းခဲ့ပြီး (၄၃) ခုကို လွှတ်တော်က အတည်ပြုထားသည်။ ၎င်းတို့တွင် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့် အဆိုများပါဝင်သည်။အတည်ပြုအဆိုများအပေါ် အစိုးရ၏အကောင်အထည်ဖော်မှု အားနည်းနေပြီး လက်ရှိအချိန်ထိ အကောင်အထည်ဖော် ဆောင်ရွက်ပေးထားသည်မှာ (၄၀) ရာခိုင်နှုန် ဝန်ကျင်သာ ရှိသေးသည်ဟု ဆိုသည်။

"ဒီအဆိုတွေအပေါ်မှာ အတည်ပြုခဲ့သော်ငြားလည်း ဆောင်ရွက်မှုအပိုင်းပြန်ကြည့်တဲ့အခါကျတော့ ရာနှုန်းပြည့်တော့အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘူး။ ကျွန်တော်တို့ ဒီဘက်လွှတ်တော်က လွှတ်တော်ဥက္ကဋ္ဌရေးရာကော်မတီတွေ အကုန်လုံးဆွေးနွေးသုံးသပ်ပြီးတော့ အကောင်အထည်ဖော်နိုင်မှုက ကျွန်တော်တို့ ခန့်မှန်းတာကတော့ ၄၀ ရာခိုင်နှုန်းလောက်ပဲရှိမယ်၊ ထက်ဝက်တော့မကျိုးဘူး ဒါလေးတော့ မြင်ထားတာပေါ့"ဟု လွှတ်တော်ဒု-ဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ပြောသည်။

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် မေးခွန်း (၆၀၉) ခု မေးမြန်းခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း (၅၉၃) ခု၊ ကြယ်ပွင့်မပြမေးခွန်း (၁၆) ခု ရှိသည်။

ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်အား နောက်ဆုံးအကြိမ်အဖြစ်ကျင်းပရန် ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်နေ့ထိ ကျင်းပရန် လျာထားပြီးဖြစ်သော်လည်း အစိုးရဘက်မှ မကျင်းပတော့ရန် ညှိနှိုင်းလာသည့်အတွက် အစည်းအဝေးပျက်သွားခဲ့သည်ဟုလည်း သိရသည်။

ဒုတိယအကြိမ်လွှတ်တော်သက်တမ်းသည် လာမည့်ဖေဖော်ဝါရီလဆန်းတွင် ကုန်ဆုံးမည်ဖြစ်ပြီး တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ဖေဖော်ဝါရီလ ၉ ရက်တွင် စတင်ကျင်းပရန် လျာထားကြောင်းနှင့် လွှတ်တော်အကြီးအကဲများကို ရွေးချယ်ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-သံလွင်တိုင်းမ်၊ Naiaung Naing's facebook ၊ MTTV**

# ရေဝတီတိုင်းလွှတ်တော် ၅ နှစ်အတွင်း အဆိုမေးခွန်းများ၏ ၅၀ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်

**ဇန်နဝါရီ ၄၊ ၂၀၂၁**




ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိ ရေဝတီတိုင်းဒေသကြီး လွှတ်တော်တွင် အတည်ပြုမေးမြန်းခဲ့သည့် အဆိုမေးခွန်းများကိုဆောင်ရွက်ရန် ကတိပြုထားသည့်အနက် ၅၀ ရာခိုင်နှုန်းသာ အစိုးရကဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထိုအကြောင်းကို ဇန်နဝါရီ ၂ ရက်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ပြောခဲ့ခြင်းဖြစ်သည်။

"နောက်အကြိမ်ခေါ်မယ့် အစည်းဝေးမှာ ကတိကဝတ်ကော်မတီကနေ အစီရင်ခံစာတင်ဖို့ရှိပါမယ်၊ အဲဒီမှာ အားလုံးပါပါမယ်။ ကျွန်တော် အကြမ်းဖျင်းပြောလို့ရတာကတော့ ကတိကဝတ်က ၅၀ ရာခိုင်နှုန်းတောင်မပြည့်ဘူး သိထားပါတယ်"ဟုဆိုသည်။

ရေဝတီတိုင်းဒေသကြီးလွှတ်တော် ၅ နှစ်တာသက်တမ်းအတွင်း ကတိကဝတ်ဖြစ်ခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း ၅၁၇ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၇၈ ခု၊ အဆိုတင်သွင်းမှု ၄၂ ခု ရှိခဲ့ပြီး ၎င်းတို့အနက် ကြယ်ပွင့်ပြမေးခွန်း ၂၈၆ ခု၊ ကြယ်ပွင့်မပြမေးခွန်းအခု ၄၀၊ အဆိုတင်သွင်းမှု ၆ ခုသာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း လွှတ်တော်မှတ်တမ်းများအရ သိရသည်။

**ကိုးကား - http://burmese.dvb.no/archives/432453?**